JUSTICE FOR MYANMAR

# သတင်းထုတ်ပြန်ချက်

**ဖေဖော်ဝါရီ ၂၀၊ ၂၀၂၃ | မြန်မာ**

## မြန်မာစစ်အုပ်စုနဲ့ သူ့တို့ကို လက်နက်နဲ့လေယာဉ်ဆီ တင်သွင်းရောင်းချသူတွေအပေါ် အီးယူရဲ့ နောက်ဆုံးအသုတ်ဒဏ်ခတ်ပိတ်ဆို့မှုတွေကို JFM ကြိုဆို

စစ်တပ်ရဲ့ တရားမဝင်အာဏာသိမ်းကြိုးပမ်းမှု နှစ်နှစ်ကျော်ကြာချိန်မှာ အကြမ်းဖက် မြန်မာစစ်အုပ်စု အဖွဲ့ဝင်တွေ၊ သူတို့ရဲ့စစ်လက်နက်ပွဲစားတွေနဲ့ လေယာဉ်ဆီတင်သွင်းရောင်းချသူတွေအပေါ် အီးယူက ဒဏ်ခတ်ပိတ်ဆို့ လိုက်တာကို Justice For Myanmar က ကြိုဆိုပါတယ်။

အခုနောက်ဆုံးအသုတ် ဒဏ်ခတ်ပိတ်ဆို့မှုတွေမှာ ပစ်မှတ်ထားထည့်သွင်းလာတဲ့ စစ်လက်နက်ပွဲစားတွေ ထဲမှာ Dynasty International၊ International Gateways Group၊ Sky Aviator Company Limited တို့နဲ့အတူ အောင်လှိုင်ဦး၊ စစ်တိုင်းအောင်နဲ့ ကျော်မင်းဦးတို့ ပါဝင်တယ်။

အောင်လှိုင်ဦးနဲ့ Dynasty International တို့ဟာ အီးယူကုမ္ပဏီတွေနဲ့ စီးပွားရေးလုပ်ငန်းတွေ ရှိနေပြီး၊ အခုလိုပိတ်ဆို့အရေးယူမှုတွေက အနာဂတ်စီးပွားရေးလုပ်ဆောင်မှုတွေကို တားဆီးသွားမှာဖြစ်ပါတယ်။

အောင်လှိုင်ဦးက ဖင်လန်စွမ်းအင်ကော်ပိုရေးရှင်းဖြစ်တဲ့ Wärtsilä ရဲ့ ကာလရှည်စီးပွားရေးမိတ်ဖက်တစ်ဦး အဖြစ် ရှိနေခဲ့ပြီး၊ Dongfeng Electric International Corporation နဲ့ ညွှန့်ပေါင်းဆောင်ရွက်မှုနဲ့ စစ်အုပ်စုရဲ့ ဓာတ်အားပေးစက်ရုံတင်ဒါနှစ်ခုကို ၂၀၂၂ ခုနှစ်မှာ ရရှိခဲ့ပါတယ်။ အမေရိကန် ပြည်ထောင်စုရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေချမှတ်လိုက်ပြီးနောက်ပိုင်း MCM ကုမ္ပဏီနဲ့ စီးပွားရေးလုပ်ဆောင်မှုကို အဆုံးသတ် ခဲ့တဲ့အကြောင်း Justice For Myanmar ကို ပြောကြားခဲ့ပေမယ့်လည်း အသေးစိတ် အချက်အလက်တွေ ထုတ်ပြန်ပြောဆိုဖို့ကိုတော့ Wärtsila က ငြင်းဆိုခဲ့ပါတယ်။

Dynasty International က ဂျာမန်ကော်ပိုရေးရှင်း Grob Aircraft SE မှာ G120TP လေယာဉ်တွေ ရောင်းချပေးဖို့နဲ့ ပြုပြင်ထိန်းသိမ်းခြင်းတွေအတွက် ပွဲစားအဖြစ် လုပ်ဆောင်ခဲ့ပါတယ်။ မကြာသေးမီက ပါလီမန်မှာ Die Linke (The Left Party) ရဲ့ မေးမြန်းမှုတွေကို ဂျာမနီအစိုးရက တုန့်ပြန်ဖြေကြားရာမှာ သူတို့အနေနဲ့ Grob G120TP လေယာဉ်တွေ မြန်မာ့လေတပ်ကို ရောင်းနေတာကို သတိမပြုမိကြောင်း ပြောကြားခဲ့ပါတယ်။

စစ်အုပ်စုအတွက် လေယာဉ်ဆီတင်သွင်းရောင်းချရာမှာ ပွဲစားအဖြစ် လုပ်ကိုင်ခဲ့ပြီး၊ စစ်အုပ်စုရဲ့နိုင်ငံတကာ ရာဇဝတ်မှုတွေမှာ ကြံရာပါပတ်သက်ရပ်တည်နေတဲ့ Asia Sun Group ကိုလည်း အီးယူက ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ခဲ့တယ်။ အဲဒီလိုချမှတ်မှုက စစ်အုပ်စုရဲ့ အရပ်ဖက်စစ်ဖက် ပစ်မှတ်မခွဲတဲ့ လေကြောင်းတိုက်ခိုက်မှုတွေဆက်လုပ်ဖို့ လိုအပ်တဲ့လေယာဉ်ဆီတွေ စစ်အုပ်စုဆီ တင်ပို့မှုကို ကူညီဖြတ်တောက်ပေးမှာ ဖြစ်ပါတယ်။

ယခုအသစ်ချမှတ်လိုက်တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေဟာ အဓိကကျတဲ့ စစ်လက်နက်ပွဲစားတွေနဲ့ စစ်တပ်အဖွဲ့အစည်းတွေကို ပစ်မှတ်ထားအရေးယူလိုက်တာဖြစ်တဲ့အတွက် အီးယူဒဏ်ခတ်ပိတ်ဆို့မှုစနစ်မှာ လစ်ဟာနေတဲ့ အဓိကကွက်လပ်တွေကို ဖြည့်ဆည်းပေးလိုက်တာဖြစ်ပါတယ်။

အသစ်ချမှတ်လိုက်တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေမှာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလနဲ့ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတို့မှာ အမေရိကန်၊ ယူကေနဲ့ ကနေဒါနိုင်ငံတို့က ဒဏ်ခတ်ပိတ်ဆို့ထားခဲ့တဲ့ မြန်မာစစ်တပ် စစ်ထောက်ချုပ်ရုံး၊ ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးရုံးနဲ့ စစ်လက်နက်ထုတ်လုပ်မှုညွှန်ကြားရေးရုံးတို့ ပါဝင်တယ်။

မြန်မာပြည်သူတွေက စစ်အုပ်စုရဲ့အာဏာသိမ်းကြိုးပမ်းမှု ကျရှုံးစေဖို့ စစ်အုပ်စုရဲ့နိုင်ငံတဝန်း အကြမ်းဖက်စစ်ဆင်ရေးတွေကို ရင်ဆိုင်အံတုပြီး သတ္တိပြောင်မြောက်စွာ ဆက်တော်လှန်နေတဲ့အချိန်မှာ အီးယူရဲ့ဒဏ်ခတ်ပိတ်ဆို့မှုအသစ်တွေ ပေါ်လာတာဖြစ်ပါတယ်။

စစ်အုပ်စုကို ဘဏ္ဍာငွေတွေထောက်ပံ့နေတာ၊ စစ်လက်နက်တွေနဲ့ လေယာဉ်ဆီတွေ ထောက်ပံ့ရောင်းချပေးတာတွေဟာ <u>လူပေါင်း ၃၀၀၀ ကျော်</u>ကို သတ်ဖြတ်၊ လူပေါင်း ၁၉၀၀၀ ကျော်ကို ဥပဒေမဲ့ဖမ်းဆီးချုပ်နှောင်၊ မြန်မာနိုင်ငံတဝှမ်း အရပ်ဘက်စစ်ဘက်ပစ်မှတ်မခွဲပဲ လေကြောင်းတိုက်ခိုက်ပြီး <u>ပြည်သူ ၁.၁ သန်းကျော်</u>ကို အိုးအိမ်ပစ် ထွက်ပြေး တိမ်းရှောင်စေတဲ့ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို ဆက်ပြီးကျူးလွန်နိုင်အောင် အားပေးအားမြှောက်လုပ်နေတာဖြစ်ပါတယ်။

**Justice For Myanmar ရဲ့ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေမှာ ကြံရာပါပတ်သက်နေတဲ့ စစ်အုပ်စုရဲ့ စစ်လက်နက်ပွဲစားတွေ၊ လေယာဉ်ဆီတင်သွင်းသူတွေနဲ့အတူ စစ်အုပ်စုအဖွဲ့ဝင်တွေ၊ အဖွဲ့အစည်းတွေအပေါ် အီးယူက ချမှတ်လိုက်တဲ့ နောက်ဆုံးအသုတ် ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ကြိုဆိုပါတယ်။

မြန်မာပြည်သူတွေဟာ စစ်တပ်ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ အကြမ်းဖက်စစ်ဆင်ရေးတွေ၊ တရားမဝင် အာဏာသိမ်းဖို့ကြိုးပမ်းမှုနဲ့ သူတို့ရဲ့အတုအယောင်ရွေးကောက်ပွဲတွေ မအောင်မြင်အောင် ကြံ့ကြံ့ခံ တော်လှန်နေကြပါတယ်။

အခု နောက်ဆုံးအသုတ် ချမှတ်လိုက်တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေက စစ်အုပ်စုအတွက် အရင်းအမြစ်တွေ လက်လှမ်းမှီဖို့ကို ဖြတ်တောက်ရာမှာ ကောင်းမွန်တဲ့ခြေလှမ်းတစ်ရပ် ဖြစ်ပေမယ့် စစ်အုပ်စုရဲ့အခွန်ဝင်ငွေ၊ စစ်လက်နက်နဲ့ လေယာဉ်ဆီအရင်းအမြစ်တွေကို စနစ်တကျ ပစ်မှတ်ထားတဲ့ ညှိနှိုင်းဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ဖို့ လုပ်စရာတွေ အများကြီး လိုအပ်နေဆဲ ဖြစ်ပါတယ်။

အထူးသဖြင့် အမေရိကန်ပြည်ထောင်စုအနေနဲ့ စစ်တပ်ရဲ့ လေယာဉ်ဆီထောက်ပံ့ရေးကွင်းဆက်ကို ပစ်မှတ်ထားတဲ့ အီးယူ၊ ယူကေနဲ့ ကနေဒါတို့လိုမျိုး လိုက်နာလုပ်ဆောင်ဖို့၊ အမေရိကန်၊ ယူကေနဲ့ ကနေဒါ တို့အနေနဲ့ အီးယူကဲ့သို့ လိုက်နာလုပ်ဆောင်ပြီး၊ စစ်အုပ်စုရဲ့ အကြီးဆုံးနိုင်ငံခြားဝင်ငွေရင်းမြစ်ဖြစ်တဲ့ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေ အလျင်အမြန် ချမှတ်ဖို့ တောင်းဆို ပါတယ်။

အီးယူအနေနဲ့ မဟာမိတ်နိုင်ငံတွေနဲ့ ညှိနှိုင်းပြီး၊ စစ်အုပ်စုအတွက် ဘဏ္ဍာငွေနဲ့ စစ်လက်နက်တွေ ရရှိဖို့ အားပေးကူညီနေတဲ့ လူပုဂ္ဂိုလ်တွေနဲ့ စီးပွားရေးလုပ်ငန်းတွေကို ပစ်မှတ်ထားတဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေ အရေးတကြီး တိုးချဲ့လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

ဂျပန်၊ တောင်ကိုးရီးယားနဲ့ အိန္ဒိယတို့အပါအဝင် ဒေသတွင်း ဒီမိုကရေစီနိုင်ငံတွေအနေနဲ့ ရှေ့ထွက် ရပ်တည်ပြီး၊ စစ်အုပ်စုနဲ့ စီးပွားရေးလုပ်ငန်းတွေကို အဆုံးသတ်ပြီး၊ စစ်အုပ်စုနဲ့ သူရဲ့ စီးပွားရေး လုပ်ငန်းစုကြီးတွေအပေါ် ပစ်မှတ်ထားဒဏ်ခတ်ပိတ်ဆို့မှုတွေကို ချမှတ်ရမှာ ဖြစ်ပါတယ်။”

## ပိုမိုသိရှိရန်

Asia Sun Group အကြောင်း အချက်အလက်များကို ယခုနေရာတွင် ကြည့်ရှုပါ။ Justice For Myanmar ၏ သုတေသနပံ့ပိုးမှုဖြင့် Amnesty International က ထုတ်ဝေသည့် “မရဏကုန်စည်” အစီရင်ခံစာကို ယခုနေရာတွင် ကြည့်ရှုပါ။

အောင်လှိုင်ဦး၊ စစ်တိုင်းအောင်နှင့် Sky Aviator တို့၏ စစ်လက်နက်ပွဲစားလုပ်ဆောင်မှုများအကြောင်း ကျွန်ုပ်တို့၏ သတင်းဆောင်းပါးကို ယခုနေရာတွင် ဖတ်ရှုပါ။

Sky Aviator ၏ လက်နက်ပွဲစားလုပ်ဆောင်မှုများအကြောင်းကို ယခုနေရာတွင် ဖတ်ရှုပါ။

International Gateways Group အကြောင်း ကျွန်ုပ်တို့၏ စုံစမ်းသတင်းရေးသားမှုကို ယခုနေရာတွင် ဖတ်ရှုပါ။

စစ်ထောက်ချုပ်ရုံးနှင့် ဆက်နွှယ်နေသည့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများအကြောင်းကို ယခုနေရာတွင် ဖတ်ရှုပါ။

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။

Justice For Myanmar | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/